
Panasonic®

# အသုံးပြုပုံလမ်းညွှန်ချက်များ

# ပြန်လည်အားသွင်း၍ရသောမုတ်ဆိတ်ရိတ်စက်

မော်ဒယ်နံပါတ်. ER-GN30



ဤစက်အားအသုံးမပြုမီအသုံးပြုပုံလမ်းညွှန်ချက်များကိုကျေးဇူးပြုပြီးပြည့်စုံစွာဖတ်ရှု၍
နောင်တွင်အသုံးပြုနိုင်ရန်သိမ်းဆည်းထားပါ။

ပန်နာဆိုးနစ်၏နာခေါင်းနှင့်အမွှေးညှပ်စက်ကိရိယာကိုရွေးချယ်ခြင်းအတွက်ကျေးဇူးတင်ပါသည်။ ကျေးဇူးပြု၍လမ်းညွှန်ချက်အားလုံးကိုအသုံးမပြုမီဖတ်ရှုပေးပါ။

## လုံခြုံရေးဆိုင်ရာကြိုတင်ကာကွယ်မှုများ

ဤစက်ကိုကောင်းမွန်စွာလည်ပတ်စေရန်ကျေးဇူးပြု၍လုံခြုံရေးဆိုင်ရာကြိုတင်သတိပေးကာကွယ်မှုများအားလုံးကိုအသုံးမပြုမီသေချာစွာဖတ်ရှုပေးပါ။

ထိခိုက်နစ်နာမှုအန္တရာယ်၊ ပိုင်ဆိုင်မှုပစ္စည်းဆုံးရှုံးခြင်းအန္တရာယ်မှကာကွယ်နိုင်ရန်နှင့်ဤစက်အားလုံခြုံသောလုပ်ငန်းလည်ပတ်မှုရရှိစေရန်လုံခြုံရေးဆိုင်ရာကြိုတင်ကာကွယ်မှုများအားအောက်ပါအတိုင်းလမ်းညွှန်ထားပါသည်။

### ⚠ အရေးကြီးသတိပေးချက် :

"အသက်ဆုံးရှုံးနိုင်မှု(သို့) ပြင်းထန်သောထိခိုက်ဒဏ်ရာရနိုင်မှု" တို့ကိုရည်ညွှန်းဖော်ပြပါသည်။

### ⚠ သတိပေးချက် :

"ထိခိုက်ဒဏ်ရာရရှိမှု(သို့) ပိုင်ဆိုင်မှုပစ္စည်းပျက်စီးခြင်းနိုင်ခြင်း" တို့ကိုရည်ညွှန်းဖော်ပြပါသည်။

## လုံခြုံရေးဆိုင်ရာကြိုတင်ကာကွယ်မှုသင်္ကေတများ

⃠ စက်ဝိုင်းတစ်ခုနှင့်မျဉ်းစောင်းတစ်ခုသည်တားမြစ်ထားသောလုပ်ဆောင်ချက်များနှင့်အပြုအမူတို့ကိုရည်ညွှန်းဖော်ပြပါသည်။

အပြည့်စက်ဝိုင်းတစ်ခုသည်စိတ်ချရသောလုပ်ငန်းလည်ပတ်မှုအတွက်လိုအပ်သည်။ မဖြစ်မနေလိုက်နာရမည့်လုပ်ဆောင်ချက်များနှင့်လမ်းညွှန်ချက်များကိုရည်ညွှန်းဖော်ပြပါသည်။

## အရေးကြီးသတိပေးချက် :

## မဖြစ်မနေလိုက်နာရန်!

- **လမ်းလျှောက်စကလေးငယ်များနှင့်လသားကလေးငယ်များထံရောက်ရှိခြင်းမှကာကွယ်ပါ။**

  ထိုကဲ့သို့မပြုလုပ်နိုင်ပါကစက်၏ဖြုတ်လို့ရသောသေးငယ်သည့်အစိတ်အပိုင်းများအားကလေးငယ်များဝါးမြိုမိခြင်းဖြစ်ပေါ်လာကာထိခိုက်ဒဏ်ရာရမှုများပေါ်ပေါက်လာနိုင်သည်။

## သတိပေးချက် :

## မဖြစ်မနေလိုက်နာရန်!

- **အသုံးမပြုမီစားသွားအားပုံပန်းမကျမှု(သို့)ပျက်စီးမှုကိုစစ်ဆေးပါ။**

  အကယ်၍ပုံပန်းမကျမှု(သို့)ပျက်စီးမှုများရှိခဲ့ပါကသင်၏အရေပြားအားထိခိုက်စေနိုင်ပါသည်။

- **ဘက်ထရီပေါ်တွင်ပုံနှိပ်ထားသောသတိပေးချက်များအားအမြဲလိုက်နာပါ။**
- **ဘက်ထရီ၏အပိုအမအစွန်းနှစ်ဖက်အားသေချာစွာကြည့်ရှု၍မှန်ကန်စွာတပ်ဆင်အသုံးပြုပါ။**
- **အားအကုန်သုံးပြီးသောအခါဘက်ထရီအားချက်ချင်းဖယ်ရှားပါ။**
- **စက်အားအချိန်ကြာမြင့်စွာအသုံးမပြုဘဲထားသည့်အချိန်တွင်ဘက်ထရီအားဖယ်ရှားထားပါ။**

- **ဘက်ထရီအားထောက်ခံချက်ပေးထားသောအသုံးပြုရမည့်နေ့စွဲအတိုင်းအသုံးပြုပေးပါ။**

  ထိုကဲ့သို့အသုံးမပြုပါကအပူချိန်လွန်ကဲခြင်း၊ ဘက်ထရီပေါက်ကွဲခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း(သို့) ဘက်ထရီယိုစိမ့်မှုကြောင့်ပတ်ဝန်းကျင်ညစ်ပေခြင်းများဖြစ်ပေါ်လာနိုင်ပါသည်။

## ⃠ တားမြစ်ထားသော

- **ဓားသွားများအား  အားဖြင့်အလွန်အကျွံဖိခြင်း(သို့) နှာခေါင်း/နားပေါက်များထဲသို့အတင်းထိုးသွင်းသုံးစွဲခြင်းများမပြုလုပ်ပါနှင့်။**

  ထိုကဲ့သို့ပြုလုပ်ပါကနှာခေါင်း/နားပေါက်တို့ထဲတွင်ဒဏ်ရာများအနာတရများပေါ်ပေါက်လာနိုင်ပါသည်။

- **ဓားသွားအပေါ်သို့အားဖြင့်ဖိခြင်း(သို့) နှိပ်ခြင်းများမပြုလုပ်ပါနှင့်။ ပုံပန်းမကျမှု(သို့) ပျက်စီးမှုတို့ရှိခဲ့ပါကသင်၏အရေပြားကိုထိခိုက်စေနိုင်ပါသည်။**

  ထိုကဲ့သို့အသုံးပြုပါကဓားသွားသည်တုံးသွားခြင်း(သို့) ချွတ်ယွင်းသွားခြင်းများဖြစ်ပေါ်လာနိုင်ပါသည်။

- **အတွင်းပိုင်းမားသွား(သတ္တုအစိတ်အပိုင်း)၏မားသွားအားသင်၏လက်ချောင်းဖြင့်ထိတွေ့ခြင်းမပြုလုပ်ပါနှင့်။**
  ထိုကဲ့သို့ထိတွေ့ပါကသင်၏လက်ချောင်းအားထိခိုက်ဒဏ်ရာရစေနိုင်ပါသည်။
- **ဘက်ထရီအားဖြုတ်ခြင်း(သို့) မီးထဲသို့ပစ်ထည့်ခြင်းမပြုလုပ်ပါနှင့်။ ဘက်ထရီအားလျှပ်စစ်ပတ်လမ်းတိုမဖြစ်ပေါ်ပါစေနှင့်။**



## တစ်စစီဖြုတ်ခြင်းမပြုလုပ်ပါနှင့်။

- **စက်အားပြုပြင်ပြောင်းလဲခြင်းမပြုလုပ်ပါနှင့်။ ထို့အတူတစ်စစီဖြုတ်ခြင်း(သို့) ပြင်ဆင်ခြင်းများလည်းမပြုလုပ်ပါနှင့်။**
  ထိုကဲ့သို့ပြုလုပ်ပါကထိခိုက်ဒဏ်ရာဖြစ်စေနိုင်ပါသည်။ စက်အားဝယ်ယူခဲ့သောဆိုင် (သို့) ပြင်ဆင်ရန်အတွက်တရားဝင်ခွင့်ပြုထားသောဝန်ဆောင်မှုဌာနသို့ဆက်သွယ်အကြောင်းကြားပါ။

# မှတ်စုများ

- **စက်အားရေအောက်ထဲတွင်ထားခြင်း၊ စိုထိုင်းစရှိသောနေရာတွင်ထားခြင်း(သို့) အပူချိန်မြင့်သောနေရာတွင်ထားခြင်းများမပြုလုပ်ပါနှင့်။**
  ထိုကဲ့သို့ပြုလုပ်ပါကထိခိုက်ဒဏ်ရာဖြစ်စေနိုင်ပါသည်။ စက်အားဝယ်ယူခဲ့သောဆိုင် (သို့) ပြင်ဆင်ရန်အတွက်တရားဝင်ခွင့်ပြုထားသောဝန်ဆောင်မှုဌာနသို့ဆက်သွယ်အကြောင်းကြားပါ။

● အမွှေးညှပ်စက်အားရေဖြင့်ဆေးမည်ဆိုပါကဆားရေ(သို့) ပူသောရေကိုအသုံးမပြုပါနှင့်။ အမွှေးညှပ်စက်အားရေထဲတွင်အကြာကြီးစိမ်ထားခြင်းမပြုလုပ်ပါနှင့်။

မြန်မာ

● စက်အားဘုံဘိုင်ရေစွတ်ထားသော(သို့) ဆပ်ပြာပါသည့်ဘုံဘိုင်ရေစွတ်ထားသောအဝတ်ဖြင့်သာအသုံးပြု၍ဆေးကြောသန့်စင်ပါ။ သုတ်ဆေး၊ ဘန်ဇင်း ဆေးရည်၊ အရက်(သို့) အခြားသောဓာတုပစ္စည်းများသုံးစွဲခြင်းမပြုလုပ်ပါနှင့်။

● ဤစက်အားကလေးများအပါအဝင်ထိတွေ့မှုအာရုံနှင့်စိတ်ပိုင်းဆိုင်ရာလုပ်ဆောင်နိုင်စွမ်းလျော့နည်းနေသူများ၊ မည်သို့မည်ပုံဆောင်ရွက်ရန်အသုံးပြုပုံကိုမညွှန်ကြားထားသောကြောင့်အတွေ့အကြုံနှင့်ဗဟုသုတမရှိသောသူများသည်ဤစက်ပစ္စည်းအားလုံခြုံစွာအသုံးမပြုနိုင်မည်စိုးသောကြောင့်အသုံးပြုရန်မသင့်တော်ပေ။ အထူးသဖြင့်ကလေးများကိုဤစက်ဖြင့်ဆော့ကစားခြင်းမပြုလုပ်ရန်အထူးသတိပေးထားသည်။

## အစိတ်အပိုင်းများကိုခွဲခြမ်းစိတ်ဖြာခြင်း

က အကာခွက်

ခ ဓားသွား

(၁) အပြင်ဓားသွား

(၂) အတွင်းဓားသွား


ဂ ရေထွက်ပေါက်

ဃ ဆေးကြောခြင်းခလုတ်ကွင်း

င ပါဝါခလုတ်(ဝ/၁)

စ ဘက်ထရီကာဗာ

ဆ သန့်ရှင်းရေးစုတ်တံ




# ဓားသွားအားဖြုတ်ယူပုံ

၁။ အပြင်ဓားသွားအားပုံပါမြှားအတိုင်းဦးတည်ရာလမ်းကြောင်းအတိုင်းလှည့်ပါ။ ထို့နောက်အမှတ်အသားများအားချိန်ညှိပါ။

၂။ အပြင်ဓားသွားအားဖြုတ်ရန်ဆွဲယူပါ။


၃။ အတွင်းဓားသွားအားအပြင်ဓားသွားမှသေချာစွာထုတ်ပါ။




# ဓားသွားအားတပ်ဆင်ပုံ

၁။ အတွင်းဓားသွားအားအပြင်ဓားသွား၏အတွင်းမျက်နှာပြင်အတွင်းသို့ဖြောင့်မတ်စွာနှင့်ဖြေးညှင်းစွာထည့်သွင်းပါ။

၂။ အပြင်ဓားသွားအားအမှတ်အသားနှင့်ချိန်ညှိပါ။ ထို့နောက်အပြင်ဓားသွားအားပုံပါမြှား၏ဦးတည်ရာလမ်းကြောင်းအတိုင်း “ကလစ်ခ်” အသံမြည်သည်အထိလှည့်ပါ။




မြန်မာ

# ဘက်ထရီအားတပ်ဆင်ခြင်း(သို့) လဲလှယ်ခြင်း



၁. ပါဝါခလုတ်အား “ဝ” နေရာတွင်ထားထားသည်မှာသေချာနေပါစေ။


၂. ဘက်ထရီအကာအားပုံပါမြှားအတိုင်းလှည့်ပါ။ ထို့နောက်အမှတ်အသားများအား ချိန်ညှိပါ။

၃. ဘက်ထရီအကာအားဖြုတ်ရန်ဆွဲယူပါ။

၄. ဘက်ထရီအားရိုက်ထည့်ပါ။


- ဘက်ထရီအားအပိုစွန်းနှင့်အမစွန်းအားသေချာစွာနေရာချ၍ဂရုတစိုက်ဖြင့်စိုက်ထည့်ပါ။



၅။ အမှတ်အသားများအားချိန်ညှိပါ။ ထို့နောက်အဓိကကိုယ်ထည်အားဘက်ထရီအကာ ထဲသို့စိုက်ထည့်ပါ။

၆။ ဘက်ထရီအကာအားပုံပါမြှား၏ဦးတည်ရာလမ်းကြောင်းအတိုင်းလှည့်ပါ။





- AA(LR 6) အယ်ကာလီဘက်ထရီကိုသာအသုံးပြုပါ။
- ပန်နာဆိုးနစ် AA(LR 6) အယ်ကာလီဘက်ထရီဖြင့်စက်အားခန့်မှန်းခြေ ၁ နှစ်အထိအသုံးပြုနိုင်ပါသည်။
(တစ်ပတ်လျှင်တစ်ကြိမ်၊ တစ်ခါသုံးလျှင်စက္ကန့် ၉၀အသုံးပြုသောအခါ(သန့်ရှင်းဆေးကြောခြင်းလုပ်ဆောင်ချက်အပါအဝင်)
- အသုံးပြုပြီးသားဘက်ထရီအားကျေးဇူးပြု၍သင့်လျော်စွာစွန့်ပစ်ပေးပါ။

## အသုံးပြုပုံ

### သင်၏နှာခေါင်းမွေးနှင့်နားအမွေးများညှပ်ခြင်း

၁ ဆေးကြောခြင်းခလုတ်ကွင်းအားဤသင်္ကေတ“  ” သို့ရောက်ရှိမနေအောင်စစ်ဆေးပါ။

၂ ပါဝါခလုတ်အား“၁”နေရာသို့ရွှေ့၍ စက်အားဖွင့်ပေးပါ။



## ၃ အပြင်မားသွား၏ထိပ်ပိုင်းအားနှာခေါင်း(သို့) နားပေါက်ထဲသို့ထည့်သွင်းပါ။

- သင်၏နှာခေါင်း(သို့) နားပေါက်ထဲသို့ထည့်ရာတွင်ထိခိုက်ဒဏ်ရာမရစေရန်ဖြေးညှင်းစွာထည့်သွင်းပါ။



## ၄ နှာခေါင်းမွေးနှင့်နားအမွေးတို့အားညှပ်ရာတွင်စက်အားရွှေ့လျားပေးပါ။

- သင်၏နှာခေါင်း(သို့) နားပေါက်တို့အားထိခိုက်ဒဏ်ရာမရစေရန်ရွှေ့လျားပါ။


- အပြင်မားသွား(သတ္တုအစိတ်အပိုင်း)၏ထိပ်ပိုင်း(ခန့်မှန်းခြေ ၅ မီလီမီတာ) အားအသုံးပြု၍အပေါက်ဝအနားတစ်ဝိုက်ရှိနှာခေါင်းမွေးတို့ကိုသာညှပ်ပေးပါ။
- ညှပ်ပြီးသွားသောအခါတစ်ချို့အမွေးအစအနများသည်နှာခေါင်း(သို့) နားပေါက်ထဲတို့တွင်ကျန်ရှိနေနိုင်သည်။ ထိုအခါ၄င်းတို့အားတစ်ရှူး(သို့) အလားတူပစ္စည်းဖြင့်ရှင်းလင်းခြင်းပြုလုပ်ပေးပါ။
- အပြင်မားသွား၏မျက်နှာပြင်သည်အသုံးပြုနေစဉ်တွင်အနည်းငယ်နွေးလာနိုင်ပါသည်။ သို့ရာတွင်စက်၏စွမ်းဆောင်နိုင်ရည်အားထိခိုက်ခြင်းမရှိနိုင်ပါ။

## သင်၏မျက်ခုံးမွှေး၊ နှုတ်ခမ်းမွှေး(သို့) မုတ်ဆိတ်မွှေးတို့အားကောက်ကြောင်းပုံဖော်ခြင်း

ဤစက်ဖြင့်ဆံပင်အရှည်ကိုညှပ်၍မရပါ။ ၀.၅ မီလီမီတာထက်တိုသောဆံပင်များအတွက်အသုံးပြုရန်လည်းမသင့်တော်ပါ။

၁ ဆေးကြောခြင်းခလုတ်ကွင်းအားဤသင်္ကေတ“ ”သို့ရောက်ရှိမနေအောင်စစ်ဆေးပါ။

၂ ပါဝါခလုတ်အား “၁” နေရာသို့ရွှေ့၍စက်အားဖွင့်ပေးပါ။




၃ အပြင်စားသွား၏ထိပ်ပိုင်းအားသင်ညှပ်လိုသောဆံပင်(မျက်ခုံးမွှေး၊ နှုတ်ခမ်းမွှေး(သို့) မုတ်ဆိတ်မွှေး)ပေါ်တင်ပေးပါ။

- သင်၏အရေပြားအားမထိခိုက်စေရန် အပြင်စားသွားအားညင်သာစွာဖိနှိပ်ပေးပါ။



၄ ဆံပင်ပေါက်ရာ၏လားရာဘက်နှင့် ဆန့်ကျင့်၍ဆံပင်အားညှပ်ပေးပါ။

မြန်မာ

- အပြင်စားသွား၏ မျက်နှာပြင်သည် အသုံးပြုနေစဉ်တွင် အနည်းငယ်နွေးလာနိုင်ပါသည်။ သို့ရာတွင်စက်၏စွမ်းဆောင်နိုင်ရည်အားထိခိုက်ခြင်းမရှိနိုင်ပါ။

# သန့်ရှင်းရေး

## အမွေးညှပ်စက်အားသန့်ရှင်းရေးလုပ်ခြင်း

စက်အားသန့်ရှင်းရေးလုပ်ရန်နည်းလမ်း(၃)လမ်းရှိပါသည်။ "အားပြင်းသောရေဖြင့်သန့်စင်ခြင်း"၊ "ရေဖြင့်သန့်စင်ခြင်း"နှင့် စုတ်တံဖြင့်သန့်စင်ခြင်း" အသုံးပြုသည့်အခါတိုင်း သန့်ရှင်းရေးလုပ်ရန်ထောက်ခံချက်ပေးထားပါသည်။


## ရေဖြင့်သန့်စင်ခြင်း

### မှတ်စုများ

- မီးဖိုဆောင်ဂျေးချွတ်ဆေး၊ရေချိုးခန်းသန့်စင်ဆေး၊အိမ်သာဂျေးချွတ်ဆေး(သို့) ပူသောရေများကိုအသုံးမပြုပါနှင့်။ ထိုသို့အသုံးပြုပါကစက်ချို့ယွင်းမှုဖြစ်ပေါ်စေနိုင်ပါသည်။
- ဘက်ထရီအကာအားခွာ၍ဆေးကြောခြင်းမပြုလုပ်ရပါ။ အဘယ်ကြောင့်ဆိုသော် ထိုကဲ့သို့ပြုလုပ်ခြင်းသည်စက်၏ရေလုံစွာတည်ဆောက်ထားသောအစိတ်အပိုင်းများကိုထိခိုက်နိုင်သောကြောင့်ဖြစ်ပါသည်။

၁. အပြင်ဓားသွားအားရေဖြင့်စွတ်ပေးပါ။ထို့နောက်လက်ဆေးဆပ်ပြာရည်(သို့) သန့်စင်ဆေးရည်(ရွေးချယ်ခွင့်ရှိသည်)အားအသုံးပြုပေးပါ။

၂. ပါဝါခလုတ်အားနံပါတ်‘၁’နေရာသို့ရွှေ့၍စက်အားအမြုပ်ထွက်စေရန် ခန့်မှန်းခြေ ၂၀စက္ကန့်ခန့်ထားပေးပါ။





▼

## အားပြင်းသောရေဖြင့်သန့်စင်ခြင်း

၃. ဆေးကြောခြင်းခလုတ်ကွင်းအား၏ သင်္ကေတ“  ”သို့ရောက်ရှိစေ ရန်ချိန်ညှိပေးပါ။

- ရေပေါက်(က) ပွင့်လာသည်။





▼

▼

## ရေဖြင့်သန့်စင်ခြင်း


၃. ပါဝါခလုတ်အား“ ၀ ”နေရာသို့ရွှေ့၍ ဓားသွားအားဖြုတ်ပေးပါ။





▼

၄. ပါဝါခလုတ်အား “ ၁ ” နေရာတွင်ထား လျက်မားသွား၏ထိပ်ပိုင်းရေထဲတွင် သေချာစွာနှစ်၍နှံ့စပ်စွာဆေးကြော သန့်စင်ပါ။

• ရေသည်စက်၏နောက်ကျောဘက်မှ ပန်းထွက်လာပါလိမ့်မည်။ ထိုအခါ ဘေးပတ်ဝန်းကျင်အားရေမစိုစေရန် စက်အားအောက်သို့နှိမ့်ချလိုက်ပါ။




၄. စီးဆင်းနေသောရေအောက်တွင်ဆေး ကြောလိုက်ပါ။



▼ ▼

၅. ရေအားမျက်နှာသုတ်ပဝါ(သို့)အလားတူအရာဖြင့်ပွတ်သုတ်ပေးပါ။ ထို့နောက် သဘာဝအတိုင်းခြောက်သွေ့အောင်ထားထားပါ။သန့်စင်ပါ။

● မားသွားအားဖြုတ်ထားပါကခြောက်သွေ့မှုသည်ပိုမိုမြန်ဆန်ပါလိမ့်မည်။




# စုတ်တံဖြင့်သန့်စင်ခြင်း



၁. ပါဝါခလုတ်သည် "o" နေရာတွင်ရှိနေအောင်သေချာစွာထားရှိပေးပါ။

၂. ဓားသွားအားဖယ်ထုတ်ပါ။ ထို့နောက်အတွင်းဓားသွားနှင့်အပြင်ဓားသွားတို့တွင်ရှိနေသောအမွေးအစအနများကိုသန့်ရှင်းရေးစုတ်တံအားအသုံးပြု၍ဖယ်ရှားရှင်းလင်းပါ။

၃. ဓားသွားအားပြန်လည်တပ်ဆင်ပါ။



# ပြုပြင်မှုအားမတောင်းဆိုမီ

အောက်ပါတို့ကိုကျေးဇူးပြု၍စစ်ဆေးပါ။

| ပြဿနာ | ဖြစ်နိုင်သည့်အကြောင်းအရင်း | လုပ်ဆောင်ချက် |
|---|---|---|
| ဖြတ်တောက်မှုစွမ်းဆောင်ရည်ကျဆင်းသွားခြင်း | ဓားသွားပုံပန်းသဏ္ဍာန်မကျခြင်း | ဓားသွားအားလဲလှယ်ပေးပါ။ |
| | ဓားသွားတုံးသွားခြင်း(ဓားသွားလဲရန်အတွက်လမ်းညွှန်ချက် း ခန့်မှန်းခြေ ၃ နှစ်ခန့်) | |
| | ဘက်ထရီအားကုန်သွားခြင်း | ဘက်ထရီအားလဲလှယ်ပေးရန် |
| မကောင်းသောအနံ့ရနေခြင်း | အတွင်းဓားသွားသန့်ရှင်းမှုမရှိခြင်း | အတွင်းဓားသွားအားသန့်စင်ဆေးကြောပေးပါ။ |
| ဓားသွားသည်ချောမွတ်စွာလှုပ်ရှားမှု/လည်ပတ်မှုမရှိခြင်း | | |

# လဲလှယ်နိုင်သောဓားသွား

ပြတ်သားသောဖြတ်တောက်နိုင်မှုစွမ်းရည်အားထိန်းသိမ်းနိုင်ရန်အတွက်ဓားသွားအား ၃ နှစ်တစ်ခါလဲလှယ်ပေးရန်ထောက်ခံချက်ပေးထားပါသည်။ ဓားသွားအားလဲလှယ်ရာတွင်အပြင်ဓားသွားနှင့်အတွင်းဓားသွားအားတစ်ချိန်တည်းလဲလှယ်ပေးပါ။

## အသေးစိတ်ဖော်ပြချက်များ

| | |
|---|---|
| မော်ဒယ်နံပါတ် | ER-GN30 |
| ပါဝါအရင်းအမြစ် | AA (LR6) အယ်ကာလီခြောက်ဘက်ထရီ (သီးသန့်ရောင်းချသည်) |

ဤစက်ပစ္စည်းသည်အိမ်တွင်အသုံးပြုရန်အတွက်သာရည်ရွယ်ပါသည်။

Panasonic Electric Works
Wanbao (Guangzhou) Co., Ltd.

No.33 Wanbao North Street WanbaoIndustry Zon
Zhong Cun Town, Panyu City Guangdong Province, 511495 China